# မာတင်လူသာကင်းဆုကို ချင်းအမျိုးသားရေးလှုပ်ရှားသူ ပညာရှင်တဦးရရှိ

ဇန်နဝါရီ ၉ ရက်နေ့၊ ၂၀၀၆ ခုနှစ်။

ဆွီဒင်နိုင်ငံ ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ချီးမြှင့်သော မာတင်လူသာကင်း ငြိမ်းချမ်းရေးဆုကို မြန်မာနိုင်ငံဖွား ချင်းတိုင်းရင်းသား ပညာရှင် ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းအား ပေးအပ်ရန် ရွေးချယ်လိုက်သည်။

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ အထွေထွေအတွင်းရေးမှူး ဖြစ်သည့် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း သည် ၂၀၀၇ ခုနှစ် မာတင်လူသာကင်းဆု ကိုချီးမြှင့်ခံရခြင်းဖြစ်သည်၊

ယင်းဆုကို မာတင်လူသာကင်း သကဲ့သို့ ငြိမ်းချမ်းရေးနှင့် ခွဲခြားဆက်ဆံခံရသည့် လူနည်းစုများအတွက် ကြိုးပမ်း ဆောင်ရွက်နေသောပုဂ္ဂိုလ်များကို ရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။

ဆုချီးမြှင့်ခံရမည့် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း က **"ဆုရရှိတဲ့အတွက် ကျနော့် အနေနဲ့တော့ ဂုဏ်ယူပါတယ်။ ပြီးတော့ မာတင်လူသာကင်းဆိုတာက ကျနော် ကျောင်းသားဘဝကတည်းက အမြဲတမ်းအလေးထားတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်လေ။ ဆိုတော့ ကျနော်တို့ရဲ့ တစိုက်မတ်မတ် ကြိုးကြိုးစားစား လုပ်ဆောင်မှုအပေါ်မှာ သူတို့ အသိအမှတ်ပြုတာကို တဖက်က ဝမ်းသာတယ်၊ အားတက်စရာ ကောင်းပါတယ်။"** ဟုပြောသည်။

မာတင်လူသာကင်းဆုနှင့် အတူ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀ ပါဝင်မည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို မာတင်လူသာကင်း ၏မွေးနေ့ဖြစ်သည့် ယခုလ ၁၅ ရက်နေ့၌ ဆွီဒင်ပါလီမာန်လွှတ်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းသည် ချင်းအမျိုးသားဖြစ်ပြီး ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ မှစတင်ပြီး မာတင်လူသာကင်းဆုကို ချီးမြှင့်ခံရသူများအနက် တတိယ မြောက်ဖြစ်သည်။

ချင်းအမျိုးသားရေးလှုပ်ရှားသူ၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအစီအစဉ်မှ ဗစ်တာ ဗျက်လျန် က ဒေါက်တာလျန်မှုန်းဆာခေါင်းသည် လူနည်းစု အခွင့်အရေး တိုက်ပွဲတွင် တက်ကြွစွာပါဝင်သူ တဦးဖြစ်သည်ဟု သတင်းနှင့် မီဒီယာ ကွန်ယက်ကို ပြောပြသည်။

**"ဒီ (Movement) လှုပ်ရှားမှုထဲမှာ ပညာရှင်တယောက်အနေနဲ့လည်း ပါဝင်လုပ်လာခဲ့တာ တော်တော်လေး ကြာပြီ။ နောက်အထူးသဖြင့် ဒီ တိုင်းရင်းသားလူမျိုးများ စုဖွဲ့ထားတဲ့ Ethnic Nationalities council မှာသော်လည်း ကောင်း၊ နောက် (UNLD) ကိုလည်း အထွေထွေအတွင်းရေးမှူးအနေနဲ့လည်းကောင်း နောက် Chin movement (ချင်းလှုပ်ရှားမှု) ထဲမှာလည်း တော်တော်များများ ဥပမာ Chin National Council တို့ နောက် (Chin Forum) တို့ အဲဒီမှာ သူရဲ့ ပါဝင်မှု ဟာ တော်တော်လေးကြီးခဲ့တယ်။"**

ဆလိုင်းလျန်မှုန်းဆာခေါင်းသည် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုတွင် ပါဝင်လှုပ်ရှားခဲ့သည့်အတွက် ၁၉၈၈ နှင့် ၁၉၉၀ ခုနှစ် အကြားတွင် စစ်အစိုးရ၏ ဖမ်းဆီးနှိပ်စက်ခြင်းကို ခံခဲ့ရပြီး နောက်ပိုင်းတွင် မြန်မာစစ်အစိုးရက ထပ်မံဖမ်းဆီးရန် ကြိုးစားခဲ့သည့်အတွက် ၁၉၉၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံသို့ ပြောင်းရွှေ့အခြေချ နေထိုင်ခဲ့သည်။

မြန်မာပြည်နေထိုင်စဉ်တွင် ဒေါက်တာ ဆလိုင်းလျှံမုန်းဆာခေါင်းသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ

ဒီမိုကရေစီအဖွဲ့ချုပ် (United Nationalities League for Democracy (UNLD) နှင့် ချင်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် Chin National League for Democracy (CNLD) စသည့်အဖွဲ့အစည်းတွင် ပါဝင် လုပ်ဆောင်ခဲ့သူ ဖြစ်သည်။

ပြည်ပသို့ ထွက်လာပြီးနောက်တွင် တိုင်းရင်းသားအမျိုးသားကောင်စီ (ENC) ၏ အထွေထွေအတွေးရေးမှူးအပြင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ) (CNLD-exile) ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက် တာဝန် ထမ်းဆောင်ခဲ့သည်။

ဒေါက်တာ လျန်မှုန်းဆာခေါင်းအား မာတင်လူသာကင်းဆု ပေးအပ်မည့် ဆွီဒင်အခြေစိုက် ငြိမ်းချမ်းရေးအဖွဲ့အစည်းများသည် (Baptist Union of Sweden, Christian Initiative for Peace (Peace Initiative), Christian Association for Combat to Racism နှင့် Pro-Swedish Association တို့ ဖြစ်သည်။